ကွမ်းအုံကျေးရွာ

ကွမ်းအုံကျေးရွာအုပ်စု ၊ ရေတာရှည်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကွမ်းအုံကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေတာရှည်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၁၈

# မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကွမ်းအုံကျေးရွာသည်ပဲခူးတိုင်း၊တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ကွမ်းအုံကျေးရွာအုပ်စု၊ ဆွာနယ်မြေရဲစခန်းပိုင်ဖြစ်ပြီး ဆွာမြို့၏ အရှေ့ဖက်(၄)မိုင်ခန့်၌တည်ရှိပါသည်။ ကျေးရွာခွဲ(၃)ရွာရှိပါသည်။ ကျေးရွာသည် စစ်တောင်းမြစ်အနောက်ဘက်ကမ်းခြေ၌တည်ရှိပြီး မြောက်ဘက်၌ သဖန်းဇင်ကျေးရွာ ၊ တောင်ဖက်၌ နယ်မြေဆက်စပ်လျှက်တည်ရှိပါသည်။ ကျေးရွာ၌ အိမ်ခြေပေါင်း(၂၁၄)ရှိပြီး၊ လူဦးရေ စုစုပေါင်းကျား(၄၄၈)ဦး၊ မ(၄၈၄)ဦးနှင့် ကျားမ စုစုပေါင်း(၉၃၂)ဦးရှိကြောင်း လက်ရှိကောက်ယူထားသည့်အိမ်အခြေအနေစာရင်းအရ တွေ့ရှိရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။သဘာဝပေါက်ပင်များမှာ ကုက္ကိုလ်ပင်၊ ညောင်ပင်၊ မန်ကျည်းပင်၊ မအူပင်၊ ဇီးပင်၊ ကိုင်းပင်၊ ကြောင်လျှာပင်နှင့် ဌက်ပျောပင်များပေါက်ရောက်ပါသည်။ နှစ်ရှည်သီးပင်များအဖြစ် အုန်း၊ သရက်၊ လဲမှို့ပင်၊ ပိန္နဲပင်၊ မာလာကာနှင့် မီးဖိုချောင်သုံးစားသုံးပင်များ အဖြစ်ဘူး၊ ဖရုံ၊ သခွါး၊ ငရုတ်၊ ပြောင်းဖူး၊ မုန်ညင်း၊ နံနံပင်၊ ကြက်ဟင်းခါး၊ ပဲတောင့်ရှည်စသည့် ဟင်းသီးဟင်းရွက်ပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပါသည်။တောင်သူများမှ နှစ်စဉ်စပါး၊ ကြံ၊ မတ်ပဲ စသည့်အဓိကသီးနှံများအား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

## ၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ တစ်ရွာလုံးနှင့်သက်ဆိုင်သည့် သာရေး၊ နာရေး လုပ်ငန်းကိစ္စများတွင် ကျေးရွာရှိလူမှုရေးအသင်းမှ တာဝန်ယူပြီး အဖွဲ့ခေါင်းဆောင် အမျိုးသား၊ အမျိုးသမီးများမှ ကြီးကြပ်လျှက်အလှည့်ကျစနစ်ဖြင့် ခွဲဝေဆောင်ရွက်ကြပါသည်။ အသင်းဝင်ဖြစ်သည့် ရွာသူရွာသား၊ လူငယ်လူလတ်ပိုင်းများမှ ချက်ပြုတ်ရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ကျောင်းဝေါပကအဖွဲ့များစနစ်တကျဖွဲ့စည်းလုပ်ဆောင်ခြင်း၊ စည်းကမ်းမလိုက်နာသူများ အားကျေးရွာရပ်မိရပ်ဖနာယကနှင့် နာယကနှင့်လူမှုရေးအသင်း အမှုဆောင်များမှ ထိုက်သင့်သည့် ငွေဒဏ်များချမှတ်လျှက် အသင်းအဖွဲ့၏ စည်းလုံးညီညွတ်မှုမပြိုကွဲစေရန် နာရေးယူဆောင်ရွက်ကြပါသည်။နာရေးကိစ္စကြုံလာလျှင် ကာယကံရှင်မိသားစုအား အသင်းသားတစ်ဦးလျှင် ပံ့ပိုးငွေ(၂၀၀ဝိ) နှုန်းဖြင့် အသင်းဝင်အိမ်ထောင်စုပေါင်း(၂၀၀)ကျော်မှ ကူညီပံ့ပိုးနိုင်ပါသည်။ သို့ဖြစ်၍ ဤသာရေး၊ နာရေးအဖွဲ့၏လုပ်ဆောင်ချက်မှာအား အကောင်းဆုံးဖြစ်ပါသည်။ပြင်ပမှ အသေးစားချေးငွေအဖွဲ့များ နှင့်အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် ကျေးရွာတွင်

အဖွဲ့အချို့ရှိသော်လည်း၊ ၄င်းတို့နှင့်သက်ဆိုင်သည့် စီမံချက်လုပ်ငန်း သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်၍ ကျေးရွာအတွက် အထိုက်အလျှောက်သာအကျိုး သက်ရောက်မှုရှိသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် ကျေးရွာသာရေး၊ နာရေးကိစ္စများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက အားကောင်းမှု ရှိသော်လည်း၊ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံချက်ချပြီး ရေရှည်ဆောင်ရွက်နိုင်မည့်အဖွဲ့အစည်းစနစ်မရှိသည်ကို တွေ့ရှိရပါသည်။

## (ခ)စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းအတွက်ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ မိုးစပါးကိုနှစ်စဉ်စိုက်ပျိုးလျှက် ယခုအခါ ဆည်မြောင်းဆည်မှ စိုက်ပျိုးရေရသဖြင့် နွေစပါးကိုပါစိုက်ပျိုးလုပ်ကိုင်သဖြင့် တစ်နှစ်လျှင်နှစ်သီးစိုက်ပျိုးကြ၍ တောင်သူများဝင်ငွေတိုးတက်ခွင့်အထိုက်အလျှောက်ရရှိကြပါသည်။ ယာမြေပိုင်ဆိုင်သည့်တောင်သူများမှ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြံကိုလည်းတွဲဖက်စိုက်ပျိုးကြသည်။ ဆောင်းရာသီတွင်နှမ်းနှင့်မတ်ပဲများလည်း အချို့စိုက်ပျိုးကြပါသည်။ ကောက်ယူရရှိသည့်အခြေခံစာရင်းအရ ကျေးရွာတွင် စပါးစိုက်ပျိုးသည့်မြေ(၂၃၆.၉၅) ဧကနှင့် ကြံ၊ နှမ်း၊ မတ်ပဲစိုက်ပျိုးနိုင်သည့် ယာမြေ(၁၇၈.၁၇)ဧကရှိသဖြင့် လယ်ယာမြေပိုင်ဆိုင်ခွင့်ဧက စုစုပေါင်း(၄၁၅.၁၂)ဧကဖြင့်နှစ်စဉ်လည်ပတ်စိုက်ပျိုးကြပါသည်။

ပျှမ်းမျှမိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် (၆၀)မှ(၇၀)တင်းခန့်နှင့် နွေစပါးပျှမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် (၇၀)မှ(၉၀)တင်းထိ ထွက်ရှိပါသည်။ တောင်သူများမှ စပါးစိုက်ပျိုးရေးအတွက် စပါးအထွက်တိုးစေရန် သွင်းအားစုများလုံလောက်စွာမသုံးနိုင်ပါ။ အကြောင်းမှာငွေကြေးချို့တဲ့ခြင်း၊ ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများဝယ်ယူသုံးစွဲရာတွင် တန်ဘိုးကြီးမြင့်ခြင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသော်လည်း သီးနှံပေါ်ချိန်၌ အတိုးပေးဆောင်ရခြင်းများဖြင့် ဖြေရှင်းကြရပါသည်။ ကြံသီးနှံမှာ ပင်သစ်တစ်ဧကလျှင် (၂၅တန်မှ၃၅)အထိ ထွက်ရှိနိုင်ပြီး၊ လမိုးတစ်ဧကလျှင်(၁၅တန်မှ၂၅တန်)အထိသာ ထွက်ရှိနိုင်ပါသည်။ မိုးစပါးနှင့်နွေစပါးအားလုံးအစေ့ကျဲပက်စနစ်ဖြင့် စိုက်ပျိုးကြပါသည်။ မိုးစပါးကို နှစ်စဉ်ဇူလိုင်၊ သြဂုတ်လ၌ အပြီးစိုက်ပျိုးကြပြီး နွေစပါးကို ဆည်ရေဖြန့်ဝေပေးသည့် ဖေဖော်ဝါရီလနှင့်မတ်လတွင်စိုက်ပျိုးကြပါသည်။ မိုးစပါးရိတ်သိမ်းချိန်မှာ နိုဝင်ဘာလဖြစ်ပြီး နွေစပါးရင့်မှည့်ရိတ်သိမ်းချိန်မှာ မေလနောက်ဆုံးပတ်ခန့်ဖြစ်ပါသည်။ မတ်ပဲစိုက်တောင်သူများ ဈေးကွက်ကောင်းမရသဖြင့် နှစ်စဉ်အရှုံးပေါ်၍ စိုက်ပျိုးသည့်နှုန်းကြဆင်းလျက်ရှိပါသည်။ ကျေးရွာရှိ လယ်ယာလက်မဲ့အများစုမှာ စိုက်ပျိုးရေးလုပ်ကိုင်သည့်တောင်သူများ၏ ဌားရမ်းလုပ်အားခနည်းပါးလာသဖြင့် ပြည်တွင်းရှိ ဝင်ငွေရရှိနိုင်သည့် ဒေသများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် တောင်သူကြီးများသီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာကြသည်။ တောင်သူများ၏

သီးနှံထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေးအခွင့်အလမ်းနှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကျေးရွာလူထုအနေဖြင့် စွမ်းဆောင်နိုင်ခြင်းမရှိသေးပါ။

## (ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည်သန့်ရှင်းသောသောက်သုံးရေသုံးစွဲမှုမှာ ကိုယ်ပိုင်ရေတွင်းများ၊ အဝီစိတွင်းများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် သုံးစွဲကြပါသည်။ ငွေကြေးဆင်းရဲသည့် အိမ်ထောင်စုများမှာ ကိုယ်ပိုင်အဝီစိရေတွင်းများ မတူးနိုင်သော်လည်း အိမ်နီးချင်းများ မိသားစုပိုင်တွင်းများမှရယူသုံးစွဲခွင့်ရှိကြသည်။

ကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲရှိသဖြင့် ကျေးရွာရှိကျောင်းနေအရွယ် ကေဂျီတန်းမှ သတ္တမတန်းအထိကျောင်းသားကျောင်းသူများ မိမိကျေးရွာများမှာပင် အတန်းပညာသင်ယူနိုင်ခွင့်ရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးလင်းခွင့်မရသေးသဖြင့် အများစုမှာ ဆိုလာသုံးဘတ္တရီမီးနှင့် အနည်းစုမှာ ဖယောင်းတိုင်မီးများသုံးစွဲကြပါသည်။ ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးပေးခန်းမရှိသေးသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာမှ (၂)မိုင်ခန့်ကွာဝေးသည့် ရွှေကဖောင်းကျေးလက်ဆေးပေးခန်းမှ အကူအညီရရှိပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာရှိ စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများအတွက် လိုအပ်သည့် မိုးစပါးစိုက်ပျိုးရန် ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁)သိန်းခွဲကျပ်နှုန်းဖြင့် နှစ်စဉ်ထုတ်ချေးပေးပါသည်။ အသေးစားချေးငွေအား မြို့နယ်သမဂါ ယမ အသင်းစုထံမှလည်းကောင်း၊ အချို့သောတောင်သူများမှာ မြန်မာ့ဩဘာ ကုမ္ပဏီ လိမိတက်မှ ငှင်းချေးငွေထုတ်ယူသုံးစွဲရရှိကြပါသည်။

## (င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းမှာ သင့်တင့်သောအခြေအနေရှိပါသည်။ ကျေးရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး၊ ငွေကြေးတက်နိုင်သည့်

မိဘများမှ၎င်းတို့၏ သားသမီးများကို ဘွဲ့ရသည်အထိ ပညာသင်ကြားခွင့် ပေးစွမ်းနိုင်၍ ယခုအခါဘွဲ့ရ အမျိုးသမီးအချို့ပညာရေးဌာန ဝန်ထမ်းအဖြစ် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်လျှက်ရှိပါသည်။ ကျေးရွာတွင်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိသဖြင့် ကျေးရွာရှိမိဘတိုင်းမှ ပညာရေးစိတ်အား ထက်သန်မှုရှိကြသဖြင့် ကေဂျီတန်းမှ သတ္တမတန်းအထိ ကျောင်းအတန်းပညာသင်ယူခွင့် ရရှိပါသည်။ အထက်တန်းပညာဆက်လက်သင်ယူရန် မိမိကျေးရွာ၌ အ.ထ.က (တွဲ၊ခွဲ)ကျောင်းမရှိသော် လည်း၊ ရွာနှင့်(၁)မိုင်ကျော်ခန့် ဝေးကွာသည့် အ.ထ.ကကျောင်းရှိသည့် ရွှေကဖောင်းနှင့် အောင်ချမ်းသာ ကျောင်းများသို့ စက်ဘီးဖြင့် သွား၊ပြန် တက်ရောက်ကြပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီခြင်းကြောင့် ဆင်းရဲနွမ်းပါး သည့်မိဘများ၏ သားသမီးအချို့မှာ ပညာရေးတပိုင်းတစဖြင့်ကျောင်းမှထွက်ခဲ့ရသဖြင့် လူငယ်များ၏ အသက်မွေးဝမ်းကျောင်းပညာလိုအပ်နေပြီး ၎င်းတို့အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်များမရှိ သေးပါ။

## (စ) ကျန်းမာရေး

ကျေးရွာတွင်နာတာရှည်ရောဂါသည်များ သက်ကြီးရွယ်အိုများမှအပအများစုမှာ ကျန်းမာရေး ကောင်းမွန်ကြသည်။ ကူးစက်ရောဂါဖြစ်ပွားမှုအလွန်နည်းပါးသည်။နှစ်စဉ်မိုးရာသီတွင် အသက်(၅) နှစ်မှအောက်ကလေးငယ်များ ခြင်ကြောင့်ဖြစ်သည့် သွေးလွန်တုပ်ကွေး ဖြစ်ပွားလေ့ရှိပြီး လူလတ်ပိုင်း လူကြီးပိုင်း ကိုယ်ခံအား ချို့တဲ့သူအချို့ မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရမှုအနည်းငယ်ရှိပါသည်။ လက်လုပ်လက်စားများ နေ့စဉ်ပုံမှန်ဝင်ငွေမရှိသေးသော်လည်း ကလေးသူငယ်များနှင့်မိသားစုဝင်များ အစားအစာအဟာရချို့တဲ့ခြင်းမရှိကြပါ။ အမျိုးသမီးများ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးသည့် ရွှေကဖောင်းကျေးလက်ဆေးခန့်မှ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းမှ လစဉ်ပုံမှန်ဝန်ဆောင်မှုပေးပါသည်။ကလေးသူငယ်များ၏ ကာကွယ်ဆေးထိုးပေးခြင်း တိုက်ကျွေးခြင်းအစီအစဉ်များကိုလည်း အုပ်ချုပ်ရေးမှူး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ တောင်သူလယ်သမားများမှာ နှစ်စဉ်မိုးစပါး၊ နွေစပါး ကြံ၊ မတ်ပဲ၊ နှမ်းစသည့်သီးနှံ များစိုက်ပျိုးရာတွင်သွင်းအားစုများဖြစ်သည့် ဓါတုဗေဒ ကွန်ပေါင်းဓါတ်မြေဩဇာများ ပုလဲယူရီး ယားမြေဩဇာများ ဓါတုပိုးသတ်ဆေးများ နှစ်စဉ်မပြတ်အသုံးပြုခြင်း ၊ သဘာဝသစ်ရွက်ဆေး၊

နွားချေးမြေသြဇာများရှေးယခင်ကဲ့သို့ မထည့်သွင်းနိုင်ခြင်းကြောင့် မြေသြဇာပျက်ယွင်းမှု အချဉ်ဓါတ်ပေါက်မှုများ ကြုံတွေ့နေရသည်။

ဆောင်းသီးနှံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ခရမ်းချဉ်၊ ငရုတ်စသည့်ဟင်းသီးဟင်းရွက် စိုက်ပျိုးခင်းများ၌ ပိုးသတ်ဆေးအားထားသုံးစွဲမှုကြောင့်သဘာဂပတ်ဂန်းကျင်နှင့် လူ၊ တိရစ္ဆာန်များကို ထိခိုက်မှုရှိနိုင်ပါသည်။ ပိုးသတ်ဆေးသုံးစွဲရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်မှု အားနည်းနေကြောင်းတွေ့ရှိရပါသည်။

မိုးကြီးများအဆက်မပြတ်ရွာသွန်းသည့်အခါ မြေနိမ့်ဂမ်းရှိ လယ်မြေများရေနစ်မြုပ်ခံရလေ့ရှိပြီး စပါးခင်းစိုက်ပျိုးသည့်တောင်သူများ နောက်ထပ်ပြန်လည်စိုက်ပျိုးလုပ်ကိုင်ကြရပါသည်။

**(ဓ)ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်ပြီး အမျိုးသမီးများကနောက်လိုက်ဆောင်ရွက်လေ့ရှိပါသည်။ ကျေးရွာသာရေးနာရေး လူမှုရေး လုပ်ငန်းများတွင်လည်း အမျိုးသားခေါင်းဆောင်များက ဦးဆောင်လျှက် အမျိုးသမီးခေါင်းဆောင်များမှ ပူးပေါင်းတာဂန်ခွဲဝေလုပ်ကိုင်လေ့ရှိပါသည်။ ယေဘုယျအားဖြင့် အမျိုးသမီးများမှာ ထမင်းချက်၊ရေခပ်၊ အဂတ်လျှော် ၊ သန့်ရှင်းရေး၊ ကလေးထိန်းစသည့် အိမ်တွင်းလုပ်ငန်းများအား တာဂန်တစ်ရပ်အဖြစ် လုပ်ကိုင်ကြပါသည်။

အမျိုးသားများမှ လယ်ထွန်ပျိုးနုတ်ခြင်း၊ အမျိုးသမီးများမှ ကောက်စိုက် ၊ ပေါင်းနုတ်၊ ပဲစွပ်၊ ပဲကောက်စသည့် လယ်ယာလုပ်ငန်းများလုပ်ကြပါသည်။ကျေးရွာဘာသာရေးလုပ်ငန်းများဖြစ်သည့် ရှင်ပြုအလှူပွဲ ၊တရားပွဲများကျင်းပသည့်အခါ ပဓါနနာယကဆရာတော်၏ ဦးဆောင်မှုအောက်တွင် အမျိုးသားနှင့်အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြပါသည်။

လယ်ယာလုပ်ငန်းခွင်တွင် ဒေသစနစ်အရ အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အား ခပိုမိုရရှိသည်။ ဒေသအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ ပါဂင်မှုအခန်း ကဏ္ဍနည်းပါးသည်ကို တွေ့ရသည်။ သို့ရာတွင် မူလတန်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား ၊မတန်းတူညီတူ အခွင့်အရေးရရှိပြီးဖြစ်ပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အဆောက်အဦ | ချဉ်းကပ်လမ်းမြေသားလမ်းအားဂဝံကျောက်ရောမြေခင်းခြင်း(၆၀၀၀'×၁၂'×၄') | ၁ |
| ၂ | မီးလင်းရေး | ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၂ |
| ၃ | အဆောက်အဦ | စစ်တောင်းမြစ်ကမ်းနံရံထိန်းရေကာတာဆောက်လုပ်ခြင်း | ၃ |
| ၄ | ပညာရေး | အ.လ.က(ခွဲ)ကျောင်းဆောင် (၈၀'×၃၀') စတုရန်းပေ၂၄၀၀အား သမံတလင်းခင်းခြင်းနှင့် အခန်းများနံရံကာခြင်း | ၄ |
| ၅ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း (၄၀'×၆၀') | ၅ |
| | | | |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၃ | ၂၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၉ | ၂၈ | ၄၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၇ | ၃၈ | ၈၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၃၈ | ၈၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၉၇ | ၃၂၃ | ၆၂၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၄၄ | ၇၀ |
| **စုစုပေါင်း** | | **၄၄၈** | **၄၈၄** | **၉၃၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၁၄** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စုစာရင်းကောက်ယူရာတွင် အိမ်ထောင်စုလိုက်ရပ်ဝေး ဒေသသို့ အလုပ်သွားရောက်လုပ်ကိုင်သူ(၃)စုရှိ၊ ၎င်းတို့၏လူဦးရေနှင့်အသက်များကို အိမ်နီးချင်း ဆွေမျိုးများနှင့်ကောက်ယူပြုစုပါသည်။

…………………………………………………………………………………………………..

…………………………………………………………………………………………………..

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၃၆.၉၅ | သင့် | ရ | မိုးရေ၊ ဆည်ရေ၊ မြေအောက်ရေ |
| ယာမြေ | ၁၇၈.၁၇ | သင့် | ရ | မိုးရေ၊ ဆည်ရေ၊ မြေအောက်ရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | ၄၁၅.၁၂ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား).။** ။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းရာသီဥတု ကောင်းမွန်သည့်နှစ်တွင် တောင်သူများ၏ လယ်ယာသီးနှံများ အဆင်ပြေကောင်းမွန်ပြီး၊ ရာသီဥတု ဆိုးရွားသည့်နှစ်တွင် စပါးအထွက်နှုန်းများကျဆင်း၊ ရေကြီးရေလျှံသည့်နှစ်တွင် စပါးများပျက်ဆီး မှုရှိသည်။

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သဲကြမ်း | အနည်း |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။**

**။ကျေးရွာတွင်သဘာဝအရင်းအမြစ်များမရှိပါ။**…။ ကျေးရွာတွင်းရှိ ကျေးငှက်တရိစ္ဆာန်မျိုးစေ့အ နည်းငယ်မျှသာရှိ၊ ဂက်၊ကြက်၊ဘဲစသည့် တိရစ္ဆာန်များကို အများစု တစ်နိုင်တစ်ပိုင် စီးပွားရေး အတွက်မွေးမြူမှုရှိ၊ သားငါးဈေးတန်ဘိုးမြင့်မားမှုရှိ။

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

…………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

…………………………………………………………………………………………..

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | သာရေး၊နာရေး၊လူမှုရေး အသင်း | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း |
| ၃ | လူငယ်ပရဟိတ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း |
| ၄ | ကျောင်းအကျိုးတော်ဆောင် | ၁☐ ၂☐ ၃☑ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၅ | ကျေးရွာသမဝါယမ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ရပ်မိရပ်ဖအဖွဲ့၊ လူမှုရေး၊ သာရေး၊ နာရေးအဖွဲ့၊ လူငယ်ပရဟိတအဖွဲ့များမှာ မိမိကျေးရွာ၏ အားထားရသောမရှိမဖြစ်အဖွဲ့များဖြစ်သည်။သို့ရာတွင်လုပ်ငန်းလုပ်ဆောင်ရာတွင် အချင်းချင်းနာလည်မှုလွဲမှားသည့် ပြဿနာအနည်းငယ်ကြုံတွေ့ရသည်။

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀-၂၀ဧက | ၅-၁၀ဧက | ၁-၅ ဧက | ၀-၁ဧက |
| အိမ်အခြေအနေ | သွပ်မိုး၊ တိုက်ခံ | သွပ်မိုး၊ပျဉ်ခင်း ပျဉ်ထောင် | သက်ကယ်မိုး၊ ထရံကာ၊ ပျဉ်ခင်း | သက်ကယ်မိုး၊ ထရံကာ၊ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်း၊ထွန်စက် စပါးချွေလှေ့စက် | လက်တွန်းထွန်စက် ကျွဲ၊နွား၊လှည်း | ကျွဲ၊နွား | - |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ကြံ၊မတ်ပဲ ပဲတီစိမ်း၊စိုက်ပျိုး | စပါး၊မတ်ပဲ | စိုက်ပျိုးရေး နေ့စား | အငှားနေ့စား |
| **အိမ်ထောင်စု** | ၄၄ | ၄၆ | ၂၇ | ၉၇ |
| | | | | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ လယ်ယာမြေပိုင်ဆိုင်သည့် တောင်သူလယ်သမားများမှာ စားဝတ်နေရေး အတန်သင့်အဆင်ပြေ၊ လက်မဲ့နေ့စားသမားများ စားဝတ်နေရေး ကြပ်တည်း၍ လူငယ်အချို့ဖားကန့်ဒေသ၊ နှင့်ပြည်ပနိုင်ငံသို့ အလုပ်အကိုင်အခွင့်လမ်းရှာဖွေ လုပ်ကိုင်ကြရသည်။

……………………………………………………………………………………………..

………………………………………………………………………………………………..

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၇ | ၁၈၂.၉၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၄၂ | ၅၀၉.၅၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၀ | ၁၄% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၈ | ၈.၄၁% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၇ | ၃12.၂၇% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၂၁၄** | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။တောင်သူလယ်သမားအများစုမှာ မြန်မာ့လယ်ယာစိုက်ပျိုးဘဏ်ချေးငွေပြန်လည်ပေးဆပ်ချိန်တွင် ငွေကြေးခက်ခဲမှုကြောင့် ပြင်ပမှ ငွေတိုးဖြင့်ရှာဖွေဆပ်ရသည်ကိုတွေ့ရှိရသည်။…………………………………………………… ……………………………………………..

………………………………………………………………………………………………..

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၂၃၆.၉၅ | တင်း | ၆၀ | ၈၀ | ၇၀ | သင့် |
| ကြံ | ၄၅ | တန် | ၂၀ | ၃၅ | ၂၇.၅ | သင့် |
| မတ်ပဲ | ၆၅ | တင်း | ၅ | ၁၀ | ၇.၅ | နည်း |
| ပဲတီစိမ်း | ၂၀ | တင်း | ၅ | ၁၀ | ၇.၅ | နည်း |

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စပါးစိုက်တောင်သူများမှာ တစ်နှစ်လျှင် မိုးစပါး၊ နွေစပါးနှင့် စိုက်ပျိုးခွင့်ရရှိ၍ စားဝတ်နေရေးအဆင်ပြေမှုရှိ ကြံသီးနှံအားစက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး၊ အမှတ်(၆)ဖက်စပ်လုပ်ငန်းမှ ကန့်သတ်ဈေးနှုန်းဖြင့် ကြိုက်ရောင်းကြိုက်ဝယ် စနစ်ဖြင့် လုပ်ကိုင်ကြရသည်။ မတ်ပဲနှင့်ပဲတီစိမ်းမှာ နှစ်စဉ်ဈေးကွက်ပျက်ယွင်းခြင်း၊ ပြည်ပမှ ဝယ်ယူခွင့်ကန့်သတ်ချက်အရ နှစ်စဉ်အကျိုးအမြတ်မရရှိကြောင်း တွေ့ရှိရသည်။ ပဲမျိုးစုံ၊ မတ်ပဲ၊ စသည့်သီးနှံများ ဈေးကွက်ရရှိပါက တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လုပ်လိုကြပြီး ၊ အမြတ်အစွန်ရရှိလာအောင် ဈေးကွက်ရရှိရန် လိုအပ်နေပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၇ | ၃၃ |
| နို့စားနွား | | |
| ကျွဲ | ၆ | ၅၄ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၁ | ၁၁၁ |
| ကြက် | ၁၁ | ၁၄၁၇ |
| ဘဲ | ၃ | ၁၅ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။လက်မှုလယ်ယာအဆင့်မှ စက်မှုလယ်ယာသို့ကူးပြောင်းလာမှု ၊ကျွဲနွား အစားအစာရှားပါးမှုကြောင့် တောင်သူအနည်းငယ်သာ လယ်ယာလုပ်ငန်းသုံး ကျွဲနွားမွေးမြူကြပါသည်။ ဂက်၊ကြက်နှင့်ဘဲများကို တစ်နိုင်တစ်ပိုင် စီးပွားရေးအရ မွေးမြူကြသည်။ ဝက်သားပေါက်ဈေးကြီးမြင့်ခြင်း၊ အစားအစာတန်ဘိုးကြီးခြင်းကြောင့် ဂက်သားဈေးမှာလည်းကြီးမြင့်သည်ကို တွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | - | - | - | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၀ | ၁၅ | | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၇ | - | | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် | - | - | - | 14- |

| | | | | | |
|---|---|---|---|---|---|
| | ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများမှာ ကျေးရွာမှပုဂ္ဂလိကတစ်အိုးတစ်အိမ်ဆောက်ရန် ငှားရမ်းလုပ်ကိုင်ခြင်းမျှသာရှိသည်။ ပုံမှန်လုပ်ဆောင်ရမှုမရှိပါ။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဆွာဈေး | တောင်ငူဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိမိတို့ကျေးရွာနှင့် ဆွာဈေးမှာ (၅)မိုင်ခန့်သာကွာဝေးသဖြင့် မိုးတွင်းကာလမှလွဲ၍ ကျန်ပွင့်လင်းရာသီ၌ သွားလာမှု၊ ရောင်းဝယ်မှုအဆင်ပြေလျှက်ရှိပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☑ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းလမ်းများမှာ ဘုန်းတော်ကြီးကျောင်းလမ်းနှင့် စာသင်ကျောင်းလမ်းမှအပ ကျန်လမ်းမှာမိုးတွင်းကာလ ရွှံ့ဗွက်ထူ၊ သွားလာရေးခက်ခဲ၊ ချဉ်းကပ်လမ်းမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလ ကျွဲ၊ နွား၊ လှည်း၊ ထွန်စက်များမောင်းနှင်၍ လမ်းသားပျက်စီး၊ ကျေးရွာချင်းဆက်လမ်းများ (ကုန်ထုတ်လမ်း)ပိုင်များပြတ်တောက်၊တံတားများပျက်စီး၍ နှစ်ပတ်လည်အသုံးပြုနိုင်မှုမရှိပါ။

……………………………………………………………………………………………..

……………………………………………………………………………………………..

……………………………………………………………………………………………..

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေကြောင်းသယ်ယူပို့ဆောင်ရေးအသုံးမပြုပါ။

……………………………………………………………………………………………..

………………………………………………………………………………………………..

………………………………………………………………………………………………..

………………………………………………………………………………………………..

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၈၄ | ၁၁၄ | - | ၁ | ၂ | - | ၁၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်** ။စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေး စသည့်ခရီးသွားလုပ်ငန်းသုံးယာဉ်အများစုမှာ စက်ဘီးနှင့်ဆိုင်ကယ်များသာအသုံးများပါသည်။ ထော်လာဂျီနှင့်ကားများလည်း စပါး၊ကြံ သယ်ယူပို့ဆောင်ရေး၌သာ အသုံးပြုခြင်းဖြစ်သည်။

………………………………………………………………………………………………..

……………………………………………………………………………………………….

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၅၁ |
| အသေးစားရေအားလျှပ်စစ် | -17 |
| ဒီဇယ်သုံးအင်ဂျင် | - |
| - | - |
| - | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၂၁၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စုအနည်းငယ်သာ ဖယောင်းတိုင်မီး၊ ဘက်ထရီမီးဖြင့် မီးသုံးစွဲကြပြီး အများစုမှာ ဆိုလာဘက္ထရီသုံးစနစ်ဖြင့် လျှပ်စစ်မီး အသုံးပြုကြပါသည်။

………………………………………………………………………………………………..

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၂၅ | ၃၁ | ၇၀ |
| | | | |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်မှုအားနည်း၍ အခြားဗဟုသုတအချက်အလက်သတင်းရယူနိုင်မှုမရှိပါ။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---:|---:|---:|
| မူလတန်း | ၅၅ | ၄၅ | ၁၀၀ |
| အလယ်တန်း | ၄၀ | ၃၆ | ၇၆ |
| အထက်တန်း | ၁၉ | ၁၉ | ၃၈ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၇ | ၁၁ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

